# မြန်မာနိုင်ငံ၏ စီးပွားရေးဝန်းကျင် ခိုင်မာအားကောင်းလာစေရေးကို ထပ်မံပံ့ပိုးပေးမည့် OECD ၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမူဝါဒ ဒုတိယအကြိမ် လေ့လာသုံးသပ်ချက် (၂၀၂၀)

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် OECD တို့ ပူးပေါင်း၍ နော်ဝေနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံအစိုးရတို့၏ အကူအညီဖြင့် ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမူဝါဒလေ့လာသုံးသပ်ချက်အစီရင်ခံစာကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၂၄ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ "High-Level Event on Promoting Responsible Investment in Myanmar" အစီအစဉ်၌ တရားဝင်ထုတ်ပြန်ခဲ့ပါတယ်။

## ပထမအကြိမ် OECD ၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမူဝါဒလေ့လာသုံးသပ်ချက်

၂၀၁၂- ၂၀၁၄ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ပထမအကြိမ် OECD Investment Policy Reviews တွင် အဓိကဆန်းစစ်ခဲ့သည့် မူဝါဒနယ်ပယ်များမှာ ရင်းနှီးမြှုပ်နှံမှု၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်ရေး၊ ပြိုင်ဆိုင်နိုင်မှု၊ အခွန်၊ ကော်ပိုရိတ် စီမံခန့်ခွဲမှု၊ တာဝန်ယူမှုရှိသောစီးပွားရေး လုပ်ငန်းဆောင်ရွက်ချက်၊ လူသားအရင်းအမြစ်၊ အခြေခံအဆောက်အအုံနှင့် ဘဏ္ဍာရေးလုပ်ငန်းကဏ္ဍနှင့် အစိုးရစီမံအုပ်ချုပ်မှုတို့ပဲ ဖြစ်ပါတယ်။

၂၀၁၄ ခုနှစ် မတ်လ ၁ ရက်နေ့မှာ ပထမအကြိမ် OECD ၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု မူဝါဒလေ့လာသုံးသပ်ချက်ကို တရားဝင်ထုတ်ပြန်ခဲ့ပါတယ်။

ပထမအကြိမ် OECD ၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု မူဝါဒလေ့လာသုံးသပ်ချက်မှာ ပါဝင်တဲ့ အဓိကအကြံပြုချက်များကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ် -

(၁) Public Governance တိုးတက်ရေးနဲ့စပ်လျဉ်းပြီး တရားရေးဝန်ထမ်းများကို စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ခေတ်နဲ့မလျော်ညီတဲ့ ဥပဒေများကို အစားထိုး ပြင်ဆင်ရေး၊ ဝန်ကြီးဌာနတွေရဲ့ အခန်းကဏ္ဍတွေ ရှင်းရှင်းလင်းလင်းရှိရေး၊ လုပ်ငန်းတူတဲ့ ဝန်ကြီးဌာနများ ပေါင်းစည်းရေးနဲ့ ဝန်ကြီးဌာနတွေအကြား ပူးတွဲဆောင်ရွက်မှု တိုးတက်ရေး၊ ဥပဒေစည်းမျဉ်းတွေပြဋ္ဌာန်းတဲ့အခါ တရားမျှတမှုရှိပြီး ထိရောက်စေဖို့အတွက် မပြဋ္ဌာန်းမီ၊ ရေးဆွဲဆဲနဲ့ ရေးဆွဲပြီး ကာလတွေမှာ Public Consultation တွေ ပြုလုပ်ရေးတို့ကို ဆောင်ရွက်ရန်။

(၂) ရင်းနှီးမြှုပ်နှံမှုခွင့်ပြုပေးမှုလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီးလည်း လုပ်ငန်းစဉ် ရှင်းလင်းလွယ်ကူရန်၊ Scope ကျဉ်းအောင် ဆောင်ရွက်ရန်၊ ပွင့်လင်းမြင်သာမှု ပိုမိုရှိရန်၊ ခွင့်ပြုမိန့်နဲ့အညီ ရင်းနှီးမြှုပ်နှံသူတွေ လိုက်နာဆောင်ရွက်မှု ရှိ မရှိ

ကြီးကြပ်ရန်၊ အတိတ်နဲ့ ပစ္စုပ္ပန် နှစ်ရပ်လုံးကို သက်ရောက်မှုရှိတဲ့ ကြေညာချက်ထုတ်ပြန်တဲ့စနစ် ကျင့်သုံးရန်။

(၃) နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ခွဲခြားဆက်ဆံမှု လျော့နည်းစေရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေတို့ကို ပေါင်းစည်းရန်၊ ဖက်စပ်လုပ်ကိုင်ဆောင်ရွက်မှုနဲ့စပ်လျဉ်းတဲ့ ရည်ရွယ်ချက်တွေကို ရှင်းရှင်းလင်းလင်းဖြစ်အောင် ဆောင်ရွက်ရန်၊ ကန့်သတ်ထားတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေနဲ့ပတ်သက်ပြီး ကာလအလိုက် သုံးသပ်ရန်။

ပထမအကြိမ် OECD ၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမူဝါဒ လေ့လာသုံးသပ်ချက်မှာ ပါဝင်တဲ့ အကြံပြုချက်တွေအပေါ် အခြေခံ၍ ယခင်က မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေတို့ကို ပယ်ဖျက်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများကိုလည်းကောင်း၊ နှစ်ပေါင်းရာကျော်ကြာမြင့်နေတဲ့ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအဖြစ်လည်းကောင်း ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ၎င်းမှတစ်ဆင့် ကမ္ဘာ့ဘဏ်၏ Ease of Doing Business Ranking နဲ့ပတ်သက်ပြီး ရလဒ်အဆင့်ကို မြင့်မားအောင် တွန်းအားပေးနိုင်ခဲ့တဲ့ Myanmar Companies Online (MyCo) စနစ်ကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပထမအကြိမ်သုံးသပ်ချက်ဆောင်ရွက်ချက်၌ OECD FDI Regulatory Restrictiveness Index အရ စစ်တမ်းကောက်ယူထားသော နိုင်ငံ ၇၀ ခန့်အနက် မြန်မာနိုင်ငံသည် ကန့်သတ်မှုအများဆုံးနိုင်ငံအဖြစ် ရှိခဲ့ပါတယ်။ ယခု ဒုတိယအကြိမ် သုံးသပ်ချက်၌ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နည်းဥပဒေများ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် ကဏ္ဍအလိုက်ပြုပြင်ပြောင်းလဲမှုအမျိုးမျိုးတို့ကြောင့် OECD FDI Regulatory Restrictiveness Index (၂၀၁၉) အရ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ပွင့်လင်းမြင်သာမှုအရှိဆုံးနိုင်ငံတစ်နိုင်ငံဖြစ်လာပြီး OECD အဖွဲ့ဝင်နိုင်ငံမဟုတ်သောနိုင်ငံများ၏ လုပ်ဆောင်ချက်နှင့် ရင်ဘောင်တန်းဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါတယ်။ **"ငါးနှစ်တာကာလအတွင်း ထိုသို့ပြဋ္ဌာန်းထားမှုများကို ဖြေလျှော့ပေးခြင်းသည် တစ်ခါမျှမကြုံစဖူးဖြစ်ကြောင်း၊ နိုင်ငံရေးပဋိပက္ခများကို ကျေနပ်ဖွယ်ဖြေရှင်းဆောင်ရွက်၍ အခြားသော အဓိကစီးပွားရေးအခြေအနေများ ယိုယွင်းမှုမရှိပါက ယင်းအခြေအနေသည် အချိန်ကြာလာသည်နှင့်အမျှ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီးဝင်မှုအပေါ် သိသာသော အကျိုးသက်ရောက်မှုရှိလာနိုင်ကြောင်း"** OECD က သုံးသပ်ခဲ့ပါတယ်။

## ဒုတိယအကြိမ် OECD ၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမူဝါဒလေ့လာသုံးသပ်ချက်

ဒုတိယအကြိမ် OECD ၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမူဝါဒလေ့လာသုံးသပ်မှု ဆောင်ရွက်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကပဲ OECD ဘက်ကို အဆိုပြုခဲ့တာ ဖြစ်ပါတယ်။ OECD ဘက်က ဆွစ်ဇာလန်နဲ့ နော်ဝေနိုင်ငံအစိုးရတို့ရဲ့ ဘဏ္ဍာငွေထောက်ပံ့မှု ရရှိအောင် ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင်လမှာ ဒုတိယအကြိမ် OECD ၏ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမူဝါဒဆိုင်ရာ ကနဦးညှိနှိုင်းအစည်းအဝေးကို ပြုလုပ်ခဲ့ပါတယ်။

ပထမအကြိမ် Task Force အစည်းအဝေးကို ၂၀၁၉ ခုနှစ် မတ်လ ၁၉ ရက်နေ့မှာ ကျင်းပခဲ့ပြီး ပထမမူကြမ်းနဲ့စပ်လျဉ်းတဲ့ ဒုတိယအကြိမ် Task Force အစည်းအဝေးကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ လ ၁၅ ရက်နေ့မှာ ကျင်းပခဲ့ပါတယ်။ Responsible Business Conduct အခန်းအတွက် Task Force Consultation and Dialogue on Responsible Business Conduct ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့မှာ ကျင်းပခဲ့ပါတယ်။ OECD ၏ ဒုတိယအကြိမ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမူဝါဒ သုံးသပ်ချက်နှင့်စပ်လျဉ်းသည့် Virtual Meeting ကို ၂၀၂၀ ပြည့်နှစ် ဇွန်လ ၂၃ ရက်နေ့တွင် ကျင်းပခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် OECD ၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမူဝါဒသုံးသပ်ချက် (၂၀၂၀) ကို ထုတ်ပြန်နိုင်ခဲ့ပါတယ်။

OECD ၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမူဝါဒသုံးသပ်ချက် (၂၀၂၀) မှာ အောက်ဖော်ပြပါ ကဏ္ဍတွေပါဝင်ပြီး တစ်ခန်းချင်းအလိုက် လုပ်ဆောင်သင့်သည့် မူဝါဒအကြံပြုချက်များ ပါရှိပါတယ် –

(၁) ရင်းနှီးမြှုပ်နှံမှုမူဝါဒ (Investment Policy)၊

(၂) ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး (Investment Promotion and Facilitation)၊

(၃) တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများဆောင်ရွက်မှုကို မြှင့်တင်ခြင်းနှင့် လုပ်သာကိုင်သာရှိအောင်ဆောင်ရွက်ခြင်း (Promoting and Enabling Responsible Business Conduct)၊

(၄) အခြေခံအဆောက်အအုံ ချိတ်ဆက်မှု (Infrastructure Connectivity)၊

(၅) အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမူဘောင် (Investment Framework for Green Growth)၊

(၆) စီးပွားရေးဇုန်များကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခြင်း (Making the Most of Economic Zones)၊

(၇) အာမခံချက်ရှိပြီး ရှင်းလင်းကောင်းမွန်သော မြေအသုံးချခွင့်ကို မြှင့်တင်ဆောင်ရွက်ခြင်း (Fostering Secure and Well-defined Land Rights)။

OECD ၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမူဝါဒသုံးသပ်ချက် (၂၀၂၀) မှာ ရင်းနှီးမြှုပ်နှံမှုမူဝါဒနဲ့ပတ်သက်ပြီး ကုန်ထုတ်လုပ်မှုကဏ္ဍများမှာရှိတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာအကန့်အသတ်များရဲ့ Costs and Benefits ကို သုံးသပ်ဖို့၊ စီးပွားရေးကဏ္ဍတစ်ရပ်လုံး၏ အဓိက ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ဘဏ္ဍာရေး၊ ဆောက်လုပ်ရေးနှင့် ဖြန့်ဖြူးရေး ဝန်ဆောင်မှုများကဲ့သို့သော ဝန်ဆောင်မှုလုပ်ငန်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပါဝင်မှုအပေါ် ကန့်သတ်ချက်များ၏ ကုန်ကျစရိတ်များကို သုံးသပ်ဖို့၊ ထိရောက်လွတ်လပ်သော တရားစီရင်ရေးဖြစ်စေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပြီး Legal Certainty ဖြစ်အောင် ဆောင်ရွက်ဖို့၊ ရင်းနှီးမြှုပ်နှံမှုစာချုပ် အဟောင်းများကို ပြန်လည်သုံးသပ်ပြီး ပြန်လည်ညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်ဖို့နဲ့ ရင်းနှီးမြှုပ်နှံမှုစာချုပ်များနှင့်စပ်လျဉ်း၍ Stakeholder များအကြား Awareness မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် မလိုလားအပ်သော ကိစ္စရပ်များ မဖြစ်အောင် စီမံဆောင်ရွက်ဖို့ အကြံပြုထားပါတယ်။

**ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနဲ့ လွယ်ကူချောမွေ့စေရေး**တို့နဲ့ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့ရေး တိုးတက်စေရန်ဆောင်ရွက်ရုံသာမက ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများ အားကောင်းလာစေရန် ဆောင်ရွက်ဖို့၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းစဉ်ကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် "Digital Solutions" ကို အသုံးပြုဆောင်ရွက်ဖို့၊ တည်ရှိဆဲ Company Database ကို အသုံးပြုဖို့၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း အဆင့်သတ်မှတ်ချက်များ တိုးတက်ရေးအတွက် ကြိုးစားအားထုတ်မှုများ ပြုလုပ်ရာတွင် ထိပ်ဆုံးအဆင့်ရှိသည့် Distance to Frontier ကို စဉ်းစားဖို့၊ စည်းမျဉ်းစည်းကမ်းများ တိုးတက်ကောင်းမွန်လာစေရန် ရှင်းလင်းသောမဟာဗျူဟာကို ရေးဆွဲဆောင်ရွက်ဖို့၊ အားလုံးခြုံငုံသောစည်းမျဉ်းမူဘောင် တိုးတက်စေခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဆောင်ရွက်နေသည့် One Stop Service ကို ခိုင်မာအားကောင်းအောင် ကြိုးစားအားထုတ်နေမှုများကို ဆက်လက်ဆောင်ရွက်ဖို့၊ လုပ်ထုံးလုပ်နည်းမဟာဗျူဟာ ဖွံ့ဖြိုးတိုးတက်စေသည့် လုပ်ငန်းစဉ်များဖြစ်သည့် ပန်းတိုင်များ၊ ဘုံရည်မှန်းချက်များ၊ အဓိကဆောင်ရွက်မှုဆိုင်ရာ ညွှန်းကိန်းများ၊ ဘတ်ဂျက်များ သတ်မှတ်

ထားရှိခြင်းအပြင် ခိုင်မာသော ကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်းစနစ် (Monitoring & Evaluation – M & E System) ကို အကောင်အထည်ဖော် ဆောင်ရွက်ဖို့၊ ပုဂ္ဂလိကကဏ္ဍနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများနှင့် ခိုင်မာသောချိတ်ဆက်မှုများမှတစ်ဆင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ မူဝါဒပိုင်းဆိုင်ရာအကြံပေးသည့် အခန်းကဏ္ဍ အားကောင်းလာအောင်ဆောင်ရွက်ဖို့၊ MNE–SME ချိတ်ဆက်မှုများအတွက် အခွင့်အလမ်းများနှင့် လုပ်ဆောင်ချက်များကို ရှာဖွေဖော်ထုတ်ဖို့ အကြံပြုထားပါတယ်။

ဒါ့အပြင် **တာဝန်ယူမှုရှိတဲ့ စီးပွားရေးလုပ်ငန်းဆိုင်ရာလုပ်ဆောင်ချက် မြှင့်တင်ရေးအတွက်** စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများမှ တာဝန်ယူမှုရှိသောအလေ့အကျင့်များကို လက်တွေ့ကျင့်သုံးဆောင်ရွက်နိုင်စေဖို့၊ အထူးသဖြင့် OECD Due Diligence Guidance for Responsible Supply Chains of Minerals from Conflict–Affected and High–Risk Areas နဲ့ OECD Due Diligence Guidance for Responsible Supply Chains in the Garment and Footwear Sector တို့ကို ကျင့်သုံးဆောင်ရွက်ဖို့၊ တွင်းထွက်သတ္တုတူးဖော်ရေးလုပ်ငန်းများအနေဖြင့် ပွင့်လင်းမြင်သာမှုကို မြှင့်တင်နိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်ဖို့၊ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများဆောင်ရွက်မှုအတွက် National Action Plan (NAP) ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဖို့နဲ့ နိုင်ငံတကာအဆင့်အတန်းမီ အလေ့အကျင့်ကောင်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ဖို့စသည်ဖြင့် အကြံပြုထားပါတယ်။

**အခြေခံအဆောက်အအုံဆိုင်ရာချိတ်ဆက်မှု တိုးတက်ရေးအတွက်** ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်စေဖို့၊ လက်ရှိအခြေခံအဆောက်အအုံများကို ပြန်လည်၍ ခေတ်မီအောင် ပြုပြင်ဖို့၊ ထိုသို့ဆောင်ရွက်ရာတွင် အဓိကကုန်သွယ်မှုစင်္ကြံများဖြစ်တဲ့ တရုတ်နိုင်ငံနဲ့ ချိတ်ဆက်နေတဲ့ Greater Mekong Sub–region North Road corridor နှင့် ထိုင်းနိုင်ငံနဲ့ ချိတ်ဆက်နေတဲ့ GMS East–West Road corridor စတဲ့ စင်္ကြံ ၂ ခုကို အဓိကထားပြီး ဆောင်ရွက်ဖို့၊ ရှိပြီးသားအခြေခံအဆောက်အအုံများကို ပိုမိုအကျိုးရှိအောင် အသုံးချဖို့၊ ကုန်သွယ်မှုအဆင်ပြေချောမွေ့စေခြင်းနှင့် ပြည်သူလူထုကို ဝန်ဆောင်မှုပေးသည့် Soft Infrastructure တို့ကို အားကောင်းစေဖို့နဲ့ ယင်းသို့ဆောင်ရွက်ရာတွင် ကုန်သွယ်မှုကို အထောက်အပံ့ပေးသည့် လုပ်ငန်းစဉ်များကို အဆင့်မြှင့်ခြင်းနှင့် လုပ်ရိုးလုပ်စဉ်များကို လျှော့ချခြင်းတို့ဖြင့် ဆောင်ရွက်ဖို့တို့ကို အကြံပြုထားပါတယ်။

**အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက်** ရင်းနှီးမြှုပ်နှံမှုမူဘောင်နဲ့ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆိုပြု ရင်းနှီးမြှုပ်နှံမှုများကို ကနဦးဆန်းစစ်ရာမှာ ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများကို ထည့်သွင်း စဉ်းစားဖို့၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်များကို လေ့လာသုံးသပ်ရန်နှင့် အဲ့ဒီဆန်းစစ်ချက် တွေကို လေ့လာသုံးသပ်နိုင်မယ့် နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဝန်ထမ်းများရဲ့ အရည်အသွေးကို မြှင့်တင်ခြင်းအပါအဝင် ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ ဆန်းစစ်ချက်စနစ်များ (ဥပမာ–Environmental Impact Assessment–EIA) ကို အပြည့်အဝ ဆက်လက်ဆောင်ရွက်ခြင်းဖြင့် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ဖို့နဲ့ လုပ်ငန်း အဆင်ပြေချောမွေ့မှုကို နှောင့်နှေးစေတဲ့လုပ်ငန်းစဉ်များကို လျှော့ချဖို့၊ စီးပွားရေး လုပ်ငန်းတွေကနေ လိုက်နာမှုအားကောင်းစေဖို့နဲ့ တာဝန်ယူမှုအားကောင်းလာစေဖို့ကတော့ ခွင့်ပြုပြီးသား EIA အစီရင်ခံစာတွေကို Online Database တည်ဆောက်နိုင်ဖို့ အစိုးရ ဘက်ကနေ စဉ်းစားဆောင်ရွက်ဖို့၊ မြန်မာနိုင်ငံက Project Bank ကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ဆိုင်ရာစံနှုန်းများကိုပါ ထည့်သွင်းဖို့၊ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ဖို့နဲ့ အခြေခံအဆောက်အအုံ ဆိုင်ရာရင်းနှီးမြှုပ်နှံမှုများစီမံကိန်းများကို Project Bank တွင် ဦးစားပေးကဏ္ဍအဖြစ် ထည့်သွင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ဖို့၊ ရေအားကနေ ထုတ်လုပ်တဲ့ စွမ်းအင်မဟုတ်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ၏ အရေးပါပုံကို သိရှိရာကနေလည်းကောင်း၊ တစ်ပြေးညီ စံသတ်မှတ်ထားသည့် Power–purchase agreement စာချုပ်ပုံစံကို အသုံးပြုခြင်းခြင်းဖြင့်လည်းကောင်း၊ မြေအသုံးပြုခွင့် လုပ်ငန်းစဉ် မှာ အဆင်ပြေချောမွေ့စေခြင်းဖြင့် လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများနဲ့ ၎င်းတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုကို အကျိုးသက်ရောက်မှု ရှိစေမယ့် အခွင့်အလမ်းများကို မြှင့်တင်ပေးခြင်းဖြင့် Off–grid Renewable Energy Solutions ဖြင့် စွမ်းအင်ထုတ်လုပ်ခြင်းကို နိုင်ငံတော်ကနေ အထောက်အပံ့ပြုပေးဖို့၊ အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုအတွက် စွမ်းရည်မြှင့်သင်တန်းများ ပေးဖို့နဲ့ မဟာဗျူဟာကျကျစီမံကိန်းများကို သတ်မှတ်ဖို့၊ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရန် ဆောင်ရွက်ဖို့စသည်တို့ကို အကြံပြုထားပါတယ်။

**စီးပွားရေးဇုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက်** အထူးစီးပွားရေးဇုန်နှင့် စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်မှုနှင့် နယ်စပ်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး မဟာဗျူဟာအပေါ် စီမံအုပ်ချုပ်မှုတို့ အကြား ကိုက်ညီမှုရှိစေရေး ဆောင်ရွက်ဖို့၊ ဖြစ်နိုင်ပါက ဗဟိုအစိုးရအာဏာပိုင်တစ်ခုတည်း အောက်တွင် တစ်စုတစ်စည်းတည်း ကြီးကြပ်ကွပ်ကဲခြင်းဖြင့် ဆောင်ရွက်နိုင်ဖို့၊ အထူး စီးပွားရေးဇုန်တွင် လုပ်ငန်းဆောင်ရွက်နေတဲ့ ရင်းနှီးမြှုပ်နှံသူများကို ပေးထားသည့် လုပ်ငန်းခွန်လျှော့ပေးခြင်း (အထူးစီးပွားရေးဇုန်ပြင်ပ ရင်းနှီးမြှုပ်နှံသူများကို ပေးထားသည့် အခွန်ကင်းလွတ်ခွင့်အပြင်) စတဲ့ ဘဏ္ဍာရေးပိုင်းဆိုင်ရာ အကျိုးခံစားခွင့်များကို တဖြည်း

ဖြည်းလျှော့ချနိုင်ရေး စဉ်းစားဖို့၊ ဇုန်တွင်းနှင့် ဇုန်ပြင်ပရှိရင်းနှီးမြှုပ်နှံသူများအကြား တန်းတူအခွင့်အရေးရရှိစေဖို့၊ အစိုးရအခွန်ဘဏ္ဍာငွေဆုံးရှုံးမှု လျော့နည်းစေဖို့၊ သီလဝါအထူးစီးပွားရေးဇုန် ကြေညာချက်အမှတ် ၄/၂၀၁၅ ကို စဉ်းစားဖို့၊ အခြားအထူးစီးပွားရေးဇုန်များအားလုံး၏ စီမံခန့်ခွဲမှုကော်မတီ အားလုံးကိုလည်း အဆိုပါကြေညာချက်မျိုး ချမှတ်သွားရန်အတွက် တွန်းအားပေးဖို့၊ အထူးစီးပွားရေးဇုန်ဥပဒေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ၂၀၁၂ တွင် ပြဋ္ဌာန်းထားသည့် ခွင့်ပြုသည့် လုပ်ငန်းစဉ်များနှင့် ဝေါဟာရအခေါ်အဝေါ်များနှင့် စပ်လျဉ်းသည့် EIA လိုအပ်ချက် များအကြား ကိုက်ညီမှုမရှိသည့်အချက်များကို ဖြေရှင်းဖို့၊ အထူးစီးပွားရေးဇုန်များအတွက် သီးသန့် EIA စနစ်တစ်ခု ပြုလုပ်ဖို့၊ MIPP တွင် ဖော်ပြထားသည့် စက်မှုကဏ္ဍအတွက် လုပ်ငန်းအစီအစဉ်ကို အကောင်အထည်ဖော်ဖို့၊ လိုအပ်သည့်ကျွမ်းကျင်မှုများနှင့်စပ်လျဉ်း၍ ပုဂ္ဂလိကကဏ္ဍနှင့် ညှိနှိုင်းဆွေးနွေးနိုင်မည့် စကားဝိုင်းတစ်ခုတည်ထောင်ဖို့၊ အထူးစီးပွားရေးဇုန်မှ ရင်းနှီးမြှုပ်နှံသူများကို အဆိုပါအစီအစဉ်များတွင် ပါဝင်စေဖို့၊ MIPP တွင် အဓိကရည်မှန်းထားသည့်ကဏ္ဍများကို အလေးထားဆောင်ရွက်ဖို့နဲ့ ရင်းနှီးမြှုပ်နှံသူများနှင့် တင်သွင်းသူများအကြား Networking Event များမှတစ်ဆင့် ဆက်သွယ်ချိတ်ဆက်မှုကို မြှင့်တင်ဖို့စသည်တို့ကို အကြံပြုထားပါတယ်။

**မြေယာအခွင့်အရေးများနဲ့ပတ်သက်ပြီး** ကောင်းမွန်သောဝန်းကျင်တစ်ရပ် ဖန်တီးနိုင်ရေးအတွက် အကျိုးတူအဖွဲ့အစည်းများနဲ့ ပူးပေါင်း၍ ဆွေးနွေးတိုင်ပင်ပြီး National Land Use Policy (NLUP) ကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့၊ National Land Law ရေးဆွဲဖို့၊ လက်ရှိ မြေယာဆိုင်ရာဥပဒေများကို National Land Law နဲ့အညီ ဖြစ်စေဖို့၊ မြေယာနဲ့ပတ်သက်တဲ့ မူဝါဒတွေ၊ လုပ်ထုံးလုပ်နည်းတွေ လိုက်လျောညီထွေရှိစေဖို့ တစ်ခုတည်းသောစီမံခန့်ခွဲရေးစနစ် ထူထောင်ဖို့၊ ခွဲခြားဆက်ဆံမှုမရှိတဲ့ မြေယာသိမ်းယူခြင်းစနစ် ဖြစ်စေရန်နဲ့ မူဘောင်ခိုင်မာစေရန် ၂၀၁၉ ခုနှစ်မှာ ထုတ်ပြန်ခဲ့တဲ့ Land Acquisition Resettlement and Rehabilitation Law ကို ပြန်လည်ပြင်ဆင်ဖို့၊ အားလုံးလက်ခံနိုင်တဲ့ လွတ်လပ်မှုရှိတဲ့ မြေယာအငြင်းပွားမှုဖြေရှင်းရေးစနစ် ထူထောင်ဖို့၊ မြေအသုံးချမှုစီမံကိန်းမူဘောင် ရေးဆွဲဖို့၊ ပမာဏကြီးမားတဲ့ စိုက်ပျိုးမြေ ခွဲဝေချထားရေးအတွက် ကြီးကြပ်ရေးနှင့် အစီရင်ခံရေးစနစ် ထူထောင်ဖို့၊ မြေယာဆိုင်ရာပြုပြင်ပြောင်းလဲမှုများ နေသားတကျမရှိမီ အငြင်းပွားမှုဖြစ်နေတဲ့ နေရာတွေမှာ ပမာဏကြီးမားတဲ့ မြေခွဲဝေချထားမှုတွေကို ရပ်တန့်ထားဖို့နဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေနဲ့ ဆက်စပ်နေတဲ့ ကိစ္စရပ်တွေကို စနစ်တကျ ကိုင်တွယ်ဆောင်ရွက်ဖို့ အကြံပြုထားပါတယ်။

ဒီလိုအကြံပြုချက်တွေကို သုံးသပ်ကာ တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းနိုင်မဲ့ မူဝါဒလုပ်ငန်း စဉ်တွေကိုချမှတ်ပြီး ရင်းနှီးမြှုပ်နှံမှုတွေကို တိုးတက်ကောင်းမွန်စေနိုင်မဲ့

ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းတွေ ဖန်တီးရမှာဖြစ်ပါတယ်။ OECD ရဲ့ ပထမအကြိမ် ရင်းနှီးမြှုပ်နှံမှု မူဝါဒသုံးသပ်ချက်များအရလဲ အဓိကကျတဲ့ အပြောင်းအလဲတွေကို ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကောင်းမွန်သော မြန်မာ့ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ကမ္ဘာကပါ လက်ခံခဲ့တဲ့ အတွေ့အကြုံကောင်းရရှိခဲ့ပြီးဖြစ်တဲ့အတွက် ဒုတိယအကြိမ်သုံးသပ်ချက်အပေါ်မှာ ကြိုဆိုဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

**ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမိုတိုးတက်ကောင်းမွန်လာမှုမှသည် နိုင်ငံ့စီးပွားပိုမိုခိုင်မာတောင့်တင်းလာမှုဆီသို့ ...**

ယနေ့အချိန်အခါတွင် COVID – 19 ကူးစက်ရောဂါကြောင့် မြန်မာနိုင်ငံသည် အခြားကမ္ဘာ့နိုင်ငံများနည်းတူ စီးပွားရေးဆိုင်ရာ ထိခိုက်နစ်နာမှုများ ရှိနေပါတယ်။ ယင်းအခြေအနေမှာ ရင်းနှီးမြှုပ်နှံမှုက ပြန်လည်ထူထောင်ရေးအတွက် အဓိကသော့ချက် ဖြစ်ပါတယ်။ ပြောင်းလဲလာသော ခေတ်စနစ်နဲ့အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်နဲ့ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကို အားပေးဆောင်ရွက်ရာတွင် စိန်ခေါ်မှုများ၊ အတားအဆီးဖြစ်နေမှုများကို သိရှိပြီး ထိရောက်သောမူဝါဒများ ချမှတ်၍ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခြင်းသည် အလွန်အရေးပါလှပါတယ်။

OECD ၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမူဝါဒသုံးသပ်ချက်ပါ အကြံပြုချက်များကို အထူးဂရုပြု၍ ရင်းနှီးမြှုပ်နှံမှုဝန်းကျင် တိုးတက်စေရန် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခြင်းသည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို တိုးတက်စေကာ မြန်မာပြည်သူလူထု၏ ဘဝများ တိုးတက်စေရေးနှင့် ရေရှည်တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို ပြည့်မီစေရေးကို တစ်စိတ်တစ်ပိုင်းအားဖြင့် ဆောင်ကြဉ်းပေးနိုင်မှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဒုတိယအကြိမ် OECD ၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမူဝါဒသုံးသပ်ချက်ဟာ စဉ်ဆက်မပြတ်တိုးတက်ရေးဖော်ဆောင်နေတဲ့ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းဖြစ်ပေါ်စေဖို့အတွက် ရည်ညွှန်းစရာ အကြံပြုချက်တွေပါဝင်နေတဲ့ ကျမ်းတစ်ဆူဟုပင် တင်စားလိုက်ချင်ပါတယ်။

မောင်သစ္စာ (ရန်ကင်း)